ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၈) ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော လူမှုဖူလုံရေးနည်းဥပဒေများ နည်းဥပဒေ ၁၃၅ အရ အာမခံထားသူ၏ အများဆုံးလုပ်ခဝင်ငွေနှင့် သားသမီး ပညာသင်စရိတ်ခံစားခွင့်နှုန်းထား တို့ကို သတ်မှတ်ထုတ်ပြန်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂-၃ |
| ၂။ | ကက်တမင်း(Ketamine)နှင့်စပ်လျဉ်း၍ မှတ်ယူနိုင်ခြင်း။ | ၄-၆ |
| ၃။ | ဗီယက်နမ်နိုင်ငံတွင် သေဒဏ်ကိုဖျက်သိမ်းရန် ရာဇဝတ်ကျင့်ထုံးဥပဒေအား ပြင်ဆင်ခြင်း။ | ၇-၉ |
| ၄။ | ဥရောပသမဂ္ဂကောင်စီနှင့်ယူကရိန်းတို့သည် ရာဇဝတ်ဆိုင်ရာ ချိုးဖောက်မှု အတွက် အထူးခုံရုံးတည်ထောင်ရန်သဘောတူညီမှုနှင့်စပ်လျဉ်း၍ လေ့လာ တင်ပြခြင်း။ | ၁၀-၁၂ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၈) ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော လူမှုဖူလုံရေး နည်းဥပဒေများ နည်းဥပဒေ ၁၃၅ အရ အာမခံထားသူ၏ အများဆုံးလုပ်ခဝင်ငွေနှင့် သားသမီး ပညာသင်စရိတ် ခံစားခွင့်နှုန်းထားတို့ကို သတ်မှတ်ထုတ်ပြန်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေ သတင်းအချက်အလက်စနစ်(MLIS) ၌ အဆောက်အဦများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ် တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊ အာမခံထားသူ၏ အများဆုံးလုပ်ခဝင်ငွေနှင့် သားသမီးပညာသင်စရိတ်ခံစားခွင့်နှုန်းထားသတ်မှတ်ခြင်း၊ လျော်ဘေးသင့်သည့်အာမခံထားသူများအား သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုအတွက် ထောက်ပံ့ငွေ ခံစားခွင့်ပြုခြင်း စသည့် အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ ပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ လူမှုဖူလုံရေးနည်းဥပဒေများ နည်းဥပဒေ ၁၃၅ အရ အာမခံထားသူ၏ အများဆုံးလုပ်ခ ဝင်ငွေနှင့် သားသမီးပညာသင်စရိတ်ခံစားခွင့်နှုန်းထားတို့ကို သတ်မှတ်ထုတ်ပြန်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

လူမှုဖူလုံရေးရန်ပုံငွေသို့ အနည်းဆုံး(၃၆)လထည့်ဝင်ကြေးငွေပေးသွင်းထားသည့် အာမခံထားသူ၏ သားသမီးများသည် နိုင်ငံပိုင်ကျောင်းများတွင်ဖြစ်စေ၊ နိုင်ငံတော်က အသိအမှတ်ပြုထားသောကျောင်း များတွင်ဖြစ်စေ အချိန်ပြည့်ပညာသင်ကြားနေလျှင် ၎င်းတို့၏ ပညာသင်စရိတ်ခံစားခွင့်ရရှိရန် အာမခံ ထားသူ၏ အများဆုံးလုပ်ခဝင်ငွေကို ကျပ်၃၀၀,၀၀၀ (ကျပ်သုံးသိန်းတိတိ) သတ်မှတ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

**အတွဲ(၃) အမှတ် (၁၈)** **၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်**


ယင်းသတ်မှတ်သည့် အများဆုံး လုပ်ခဝင်ငွေပမာဏ ကျပ် ၃၀၀,၀၀၀ (ကျပ်သုံးသိန်းတိတိ) အပေါ်မူတည်၍ မူလတန်းပညာသင် သားသမီးတစ်ဦးအတွက် ၁၀ ရာခိုင်နှုန်းဖြင့် ကျပ် ၃၀,၀၀၀ (ကျပ်သုံးသောင်းတိတိ)ကိုလည်းကောင်း၊ အလယ်တန်းပညာသင် သားသမီးတစ်ဦးအတွက် ၁၅ ရာခိုင်နှုန်းဖြင့် ကျပ် ၄၅,၀၀၀ (ကျပ်လေးသောင်းငါးထောင်တိတိ) ကိုလည်းကောင်း၊ အထက်တန်းပညာသင် သားသမီးတစ်ဦးအတွက် ၂၀ရာခိုင်နှုန်းဖြင့် ကျပ်၆၀,၀၀၀(ကျပ်ခြောက်သောင်းတိတိ)ကို လည်းကောင်း၊ တက္ကသိုလ်ပညာသင် သားသမီးတစ်ဦးအတွက် ကျပ် ၇၅,၀၀၀ (ကျပ် ခုနစ်သောင်းငါးထောင်တိတိ) ကိုလည်းကောင်း ပညာသင်စရိတ်အဖြစ်ခံစားခွင့်ပြုကြောင်း ထုတ်ပြန်ထားသည်ကို သိရှိရပါသည်။

ဤအမိန့်ကြော်ငြာစာသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ အကျိုးသက်ရောက်စေရမည်ဖြစ်ကြောင်းနှင့် အာမခံထားသူသည် သားသမီးပညာသင်စရိတ်ကို သက်ဆိုင်ရာပညာသင်နှစ်စတင်ပြီး သုံးလအတွင်း အလုပ်ရှင်မှတစ်ဆင့် လူမှုဖူလုံရေးနည်းဥပဒေများ နည်းဥပဒေ ၁၃၂(ခ)တွင် သတ်မှတ်ထားသည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ လျှောက်ထားရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ လူမှုဖူလုံရေးနည်းဥပဒေများ၊ အာမခံထားသူ၏ အများဆုံးလုပ်ခဝင်ငွေနှင့် သားသမီးပညာသင်စရိတ်ခံစားခွင့်နှုန်းထားသတ်မှတ်သည့်အမိန့်ကြော်ငြာစာတို့နှင့်ပတ်သက်၍ အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့်ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ကက်တမင်း(Ketamine)နှင့်စပ်လျဉ်း၍ မှတ်ယူနိုင်ခြင်း

စိတ်ကိုပြောင်းလဲစေသောဆေးဝါးဆိုသည်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ စိတ်ကိုပြောင်းလဲစေသောဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် ဆေးဝါးများကိုဆိုကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂(ခ) နှင့် ပုဒ်မ ၃၀(ခ)တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၁၇-၁၁-၂၀၀၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅ ကို ထုတ်ပြန်ခဲ့ပြီး အမှတ်စဉ် ၆၂ ဖြင့် ကက်တမင်း (Ketamine)ကို စိတ်ကိုပြောင်းလဲစေသောဆေးဝါးအဖြစ် ဖြည့်စွက်သတ်မှတ်ခဲ့ပါသည်။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၂၆ တွင် "မည်သူမဆို အောက်ဖော်ပြပါမူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ယင်းနှင့် ယှဉ်တွဲဖော်ပြထားသော အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်ဖြစ်စေ၊ ယင်းသတ်မှတ်ချက် ထက်ပို၍ဖြစ်စေ၊ လက်ဝယ်ထားလျှင် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားသည်ဟုလည်းကောင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းဖြစ်လျှင် ရောင်းချရန်အလို့ငှာ သယ်ယူ ပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းဖြစ်သည်ဟုလည်းကောင်း မှတ်ယူရမည်" ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မခွဲ(က)မှ(ဇ)ထိ ဆေးဝါးတစ်မျိုးချင်းစီ၏ အမည်နှင့် အလေးချိန်၊ ပမာဏတို့ကို ယှဉ်တွဲဖော်ပြထားရာတွင် ကက်တမင်းပါဝင်ခြင်းမရှိသည်ကို သိရှိရပါသည်။

ဥပဒေပုဒ်မ ၂၆ (ဈ) တွင် "ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးအတွက် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်"ဟု ပြဋ္ဌာန်းထားသော်လည်း ကက်တမင်းအတွက် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားသည်ဟုမှတ်ယူရမည့် အလေးချိန်နှင့်ပမာဏကို ကျန်းမာရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာသတ်မှတ် ထုတ်ပြန်ထားခြင်းမရှိသည်ကို သိရှိရပါသည်။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၆ ပြဋ္ဌာန်းချက်အရ "ယင်းပုဒ်မ၏ပုဒ်မခွဲ(က)မှ(ဇ)အထိပါရှိသော ဆေးဝါးတစ်မျိုးချင်းစီအတွက် ယှဉ်တွဲဖော်ပြထားသည့်အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်ကို လက်ဝယ်ထားရှိလျှင် သို့မဟုတ် ပုဒ်မခွဲ(ဈ) အရ ဆေးဝါးတစ်မျိုးမျိုးအတွက် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသောအလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်ကို လက်ဝယ်ထားရှိလျှင် ထိုသို့လက်ဝယ်ထားခြင်းမှာ ရောင်းချရန်အလို့ငှာဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သောကြောင့် တရားရုံးက ဆေးဝါးအမျိုးအမည်နှင့် အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်မှာ ယင်းပြဋ္ဌာန်းချက်တွင် အကျုံးဝင်ကြောင်းတွေ့ရှိရပါက အခြားကိစ္စရပ်များကို ဆင်ခြင်စဉ်းစားခွင့်မရှိဘဲ ရောင်းချရန်အလို့ငှာဖြစ်သည်"ဟု မလွဲမသွေ မှတ်ယူရန်သာဖြစ်ပါသည်။

သို့ရာတွင် ယင်းပြဋ္ဌာန်းချက်အရ ရောင်းချရန်အလို့ငှာဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သောအလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက် သတ်မှတ်မထားလျှင် မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးတစ်မျိုးမျိုး လက်ဝယ်ထားရှိမှုအတွက် ရောင်းချရန်အလို့ငှာဖြစ်သည်ဟုမှတ်ယူခွင့်မရှိကြောင်း ပိတ်ပင်ထားသည့်ပြဋ္ဌာန်းချက်မှာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေတွင် ပါဝင်ခြင်းမရှိသည်ကို သိရှိရပါသည်။

သက်သေခံအက်ဥပဒေပုဒ်မ ၁၁၄ တွင် "တရားရုံးသည် တစ်စုံတစ်ခုသော အမှုကိစ္စ၏ အကြောင်းခြင်းရာနှင့်ဆက်စပ်လျက်ရှိသော သဘာဝအဖြစ်အပျက်များ၊ လူတို့၏အမူအကျင့်နှင့် အများပြည်သူဆိုင်ရာလုပ်ငန်းနှင့် ပုဂ္ဂလိကဆိုင်ရာလုပ်ငန်းတို့၏ အများအားဖြင့်ဖြစ်တတ်သည့် ဖြစ်ရိုးဖြစ်စဉ်သဘောကိုထောက်ရှုထင်မြင်လျက် အကြောင်းခြင်းရာတစ်ခုခုဖြစ်တန်ရာဟုထင်မြင်လျှင် ထိုအကြောင်းခြင်းရာများကို အမှန်ကဲ့သို့ တရားရုံးက မှတ်ယူနိုင်သည်"ဟု ပြဋ္ဌာန်းထားပါသည်။

တင်ဝင်း(ခ)ဆီးချင်ရေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၂၀၀၆ ခုနှစ်၊ မတစ၊ စာ ၁၄ တွင် "တွေ့ရှိသော ကက်တမင်း (Ketamine) ပမာဏများပြားမှုကို ထောက်ရှုလျှင် ရောင်းချရန်အလို့ငှာ

လက်ဝယ်ထားသည်ဟု သက်သေခံအက်ဥပဒေပုဒ်မ ၁၁၄ တွင် ခွင့်ပြုထားသည့်အတိုင်း မှတ်ယူနိုင်သည်”ဟု လမ်းညွှန်ဆုံးဖြတ်ထားပါသည်။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၂၆ အရ ရောင်းချရန်အလို့ငှာဖြစ်သည်ဟု မှတ်ယူရမည့်အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက် သတ်မှတ်မထားသည့်မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများတစ်မျိုးမျိုး လက်ဝယ်ထားရှိမှုအတွက် အမှုအကြောင်းခြင်းရာ အဖြစ်အပျက်များအပေါ် တရားရုံးက ထောက်ရှုထင်မြင်လျက် လက်ဝယ်ထားခြင်းမှာ ရောင်းချရန်အလို့ငှာ မှတ်ယူနိုင်မည်ဖြစ်ပေသည်။

ကက်တမင်းနှင့်စပ်လျဉ်း၍ ရောင်းချရန်အလို့ငှာ သတ်မှတ်ထားသည့် အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်ကို ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားခြင်းမရှိသော်လည်း တွေ့ရှိသည့် ပမာဏ၊ အမှုစစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံအက်ဥပဒေပုဒ်မ ၁၁၄ အရ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

ထိုသို့မှတ်ယူခွင့်မရှိဟုဆိုလျှင် ပြစ်မှုကျူးလွန်သူတို့က ယင်းအချက်ကိုအခွင့်ကောင်းယူ၍ ပြုမူဆောင်ရွက်ကြမည်ဖြစ်သောကြောင့် လူသားတို့၏အညွန့်တုံးစေနိုင်သည့်မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ၏ဘေးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် တားဆီးကာကွယ်ရန် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူများအား ပိုမိုထိရောက်သော ပြစ်ဒဏ်များချမှတ်ရန်ဟူသည့် ဥပဒေ၏ရည်ရွယ်ချက်များကို ပေါက်မြောက်အောင် အကောင်အထည်ဖော်နိုင်မည်မဟုတ်ချေဟု သုံးသပ် ဆုံးဖြတ်ထားကြောင်း သိရှိရပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြစ်မှုဆိုင်ရာအမှုလိုက်ဌာနခွဲ<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် - ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ၂၀၂၄ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၆

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၈) ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်

## ဗီယက်နမ်နိုင်ငံတွင် သေဒဏ်ကို ဖျက်သိမ်းရန် ရာဇဝတ်ကျင့်ထုံးဥပဒေအား ပြင်ဆင်ခြင်း

၂၅-၆-၂၀၂၅ ရက်နေ့က ကျင်းပပြုလုပ်သည့် ၁၅ ကြိမ်မြောက် ဗီယက်နမ်အမျိုးသားလွှတ်တော်တွင် ရာဇဝတ်ပြစ်မှု (၈) မှုဖြစ်သည့် အလွဲသုံးစားပြုမှု၊ လာဘ်ပေးလာဘ်ယူမှု၊ ဆေးဝါးအတုပြုမှု၊ သူလျှို ပြုလုပ်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု၊ နိုင်ငံတော်ပိုင်ပစ္စည်းများဖျက်ဆီးမှု၊ ဖောက်ခွဲဖျက်ဆီးမှုနှင့် အစိုးရကိုတိုက်ခိုက်ရန်ရည်ရွယ်သည့် ပြုလုပ်မှုများအတွက် ချမှတ်သည့်သေဒဏ်ကို ဖျက်သိမ်းရန် မဲခွဲဆုံးဖြတ်ခဲ့ကြောင်းနှင့် လက်ရှိလွှတ်တော်ကိုယ်စားလှယ် ၄၃၉ ဦး အနက် ၄၂၉ ဦးက ထောက်ခံမဲပေးခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၉၀ရာခိုင်နှုန်းနီးပါးခန့် ကိုယ်စားပြုထောက်ခံခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုပြန်လည်ပြင်ဆင်မည့် ရာဇဝတ်ကျင့်ထုံးဥပဒေ၌ အဆိုပါပြစ်မှုများအတွက် အမြင့်ဆုံးပြစ်ဒဏ်အဖြစ် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်ရန် ပြင်ဆင်ထားကြောင်း၊ ကူးပြောင်းရေးဆိုင်ရာပြဋ္ဌာန်းချက်များအရ ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက်မတိုင်မီ ချမှတ်ထားသောသေဒဏ်အားလုံးသည် တစ်သက်တစ်ကျွန်းဒဏ်သို့ အလိုအလျောက်ပြောင်းလဲသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ဝန်ကြီး Luong Tam Quang က သေဒဏ်ချမှတ်ခြင်းသည် ပြောင်းလဲနေသော လူမှုစီးပွားရေးအခြေအနေများနှင့်လိုက်လျောညီထွေမှုမဖြစ်သကဲ့သို့ ပြစ်မှုတားဆီးရာတွင်လည်း ထိရောက်မှုမရှိသည့်ပြဿနာများကြုံတွေ့နေရမှုသည် ယခုကဲ့သို့ ဥပဒေပြင်ဆင်ရသည့် အကြောင်းရင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၂၅ ခုနှစ်တွင် သေဒဏ်ဖျက်သိမ်းသည့်နိုင်ငံများအရေအတွက် ၇၀ အထိရှိလာပြီး ဗီယက်နမ်နိုင်ငံ၌ ယခုကဲ့သို့ဥပဒေအားပြင်ဆင်ခြင်းသည် ကမ္ဘာ့ရေစီးကြောင်းနှင့်အညီ လိုက်လျောညီထွေဆောင်ရွက်ခြင်းဖြစ်၍ အပြုသဘောဆောင်သည့်ဆောင်ရွက်မှုဖြစ်သော်လည်း အစိုးရ၏ကာလရှည်ကြာသော သေဒဏ်အတည်ပြုဆောင်ရွက်မှုအကြောင်းအရာများသည် ဥပဒေအသစ်အား ကျင့်သုံးရမှု၌ အခက်အခဲများရှိမည်ကိုစိုးရိမ်ရကြောင်း၊ သေဒဏ်ချမှတ်ခြင်းအား လျှော့ချခဲ့သော်လည်း လူသတ်မှု၊

အကြမ်းဖက်မှု၊ နိုင်ငံတော်ပုန်ကန်မှု၊ သက်ငယ်မုဒိမ်းမှု စသည့်သေဒဏ်ထိုက်သည့်ပြစ်မှုများ ဆက်လက်ကျန်ရှိနေသေးကြောင်း၊ ဗီယက်နမ်နိုင်ငံသည် သေဒဏ်စီရင်ဆောင်ရွက်မှုကို နိုင်ငံတော်အဆင့်လျှို့ဝှက်မှုအဖြစ်သတ်မှတ်ဆောင်ရွက်ခြင်းမှာ ထင်ရှားကြောင်းနှင့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာရေးအဖွဲ့၏အစီရင်ခံစာအရ အရှေ့တောင်အာရှတွင် သေဒဏ်စီရင်မှုအများဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခံရသည့်အပြင် ၁၀နှစ်အတွင်း လူ ၂၀၀၀ကျော်အား သေဒဏ်ချမှတ်သကဲ့သို့ ၄၀၀ ကျော်ကို သေဒဏ်စီရင်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးက အမျိုးသားလွှတ်တော်နှင့်အမြဲတမ်းကော်မတီများမှ မကြာသေးမီက အတည်ပြုပြဋ္ဌာန်းခဲ့သောဥပဒေအသစ်များကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံမှ အလွဲသုံးစားပြုမှု၊ လာဘ်ပေးလာဘ်ယူမှု၊ ဆေးဝါးအတုထုတ်လုပ်ရောင်းချမှုအပါအဝင် ရာဇဝတ်ပြစ်မှု(၈)မှုအတွက် သေဒဏ်ချမှတ်ခြင်းကို တရားဝင်ဖျက်သိမ်းလိုက်ပြီး ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက်မတိုင်မီ စီရင်ချက်ချခံရသည့်အမှုများကို ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ကို အသေးစိတ် ဖော်ပြထားပါသည်။

ရာဇသတ်ကြီးဥပဒေတွင် အဓိကပြင်ဆင်ချက်များဖြစ်သည့် ပြည်သူ့စီမံခန့်ခွဲမှုကိုပျက်စီးစေရန်ပြုလုပ်မှု၊ သူလျှိုပြုလုပ်မှု၊ နိုင်ငံတော်အခြေခံအဆောက်အအုံများဖျက်ဆီးမှု၊ ဆေးဝါးအတုထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှု၊ တရားမဝင်မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်မှု၊ အလွဲသုံးစားပြုမှု၊ လာဘ်ပေးလာဘ်ယူမှု၊ ငြိမ်းချမ်းရေးကိုဆန့်ကျင်သည့် ရာဇဝတ်မှုများ သို့မဟုတ် ပြင်းထန်သောစစ်သွေးကြွမှုများစသည့်ပြစ်မှုများအပေါ် သေဒဏ်ပေးမှုဖျက်သိမ်းရေးသည် အထင်ရှားဆုံးပြောင်းလဲမှုဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်-

https://www.jurist.org/news/2025/06/vietnam-amends-criminal-code-to-abolish-death-penalty-for-eight-offenses/

https://vietnamnet.vn/en/capital-punishment-abolished-for-8-offenses-in-vietnam-s-revised-penal-code-2417842.html

## ဥရောပသမဂ္ဂကောင်စီနှင့် ယူကရိန်းတို့သည် ရာဇဝတ်ဆိုင်ရာချိုးဖောက်မှုအတွက် အထူးခုံရုံးတည်ထောင်ရန် သဘောတူညီမှုနှင့်စပ်လျဥ်း၍ လေ့လာတင်ပြခြင်း

ယူကရိန်းသမ္မတ Volodymyr Zelensky နှင့် ဥရောပသမဂ္ဂကောင်စီ အတွင်းရေးမှူးချုပ် Alain Berset တို့သည် မေလတွင် ဥရောပ၏အဆိုပြုချက်ကိုထောက်ခံခဲ့ပြီးနောက် ယူကရိန်းအပေါ် ရာဇဝတ်ဆိုင်ရာချိုးဖောက်မှု အထူးခုံရုံးဖွဲ့ရန် ၂၆-၆-၂၀၂၅ ရက်နေ့တွင် သဘောတူညီခဲ့ကြသည်။

အဆိုပါသဘောတူညီချက်ကို ဥရောပသမဂ္ဂကောင်စီအဖွဲ့ဝင်နိုင်ငံ ၄၆ နိုင်ငံက ထောက်ခံခဲ့ပြီး ယူကရိန်းအပေါ် ရုရှား၏ကျူးကျော်တိုက်ခိုက်မှုများကိုတုံ့ပြန်ရန် ရည်ရွယ်၍ ခုံရုံးကို တည်ထောင်မည်ဖြစ်ပါသည်။ ရာဇဝတ်မှုများဆိုသည်မှာ UN Charter Article 2(4)ပါ နိုင်ငံရေးအရ အချုပ်အခြာအာဏာလွတ်လပ်သောနိုင်ငံတစ်ခုခုကို ခြိမ်းခြောက်မှု သို့မဟုတ် အင်အားသုံးပြီး နယ်မြေကျူးကျော်တိုက်ခိုက်မှုပြုလုပ်သည့်နိုင်ငံခေါင်းဆောင်၏ဆုံးဖြတ်ချက်ကို ရည်ညွှန်းပါသည်။ ခုံရုံး၏စီရင်ပိုင်ခွင့်သည် ရုရှားနှင့်၎င်း၏ မဟာမိတ်နိုင်ငံများအထိပါ စီရင်ပိုင်ခွင့်ရှိနိုင်ပါသည်။

ဥရောပသမဂ္ဂကောင်စီသည် ခုံရုံးအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ ရသင့်ရထိုက်သော အခွင့်အရေးနှင့် တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုအပါအဝင် နိုင်ငံတကာဥပဒေစံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့ပါသည်။ ထို့အပြင် ခုံရုံးသည် မျှတစွာ တရားစီရင်ခြင်း၊ နောက်ကြောင်းပြန်ပြစ်ဒဏ်ချမှတ်ခြင်းအား ကာကွယ်ပေးခြင်း၊ ဘက်လိုက်မှုမရှိခြင်းတို့ကို အာမခံသော ဥရောပလူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်(ECHR)ကို လိုက်နာသည့် အထွေထွေဥပဒေမူဘောင်တစ်ရပ်ကိုချမှတ်မည်ဖြစ်ကြောင်း ထပ်မံ ပြောကြားခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး(ICC) မူဘောင်နှင့်အညီ ထူထောင်ထားသည့် ရောမဥပဒေတွင်လည်း ရာဇဝတ်မှုများဆိုင်ရာတရားစွဲဆိုခြင်းကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယခုအချိန်တွင် ICC သည် စစ်ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးဆိုင်ရာချိုးဖောက်မှုများအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းနေသော်လည်း နယ်မြေကျူးကျော်တိုက်ခိုက်သည့်

ရာဇဝတ်မှုများအပေါ်စီရင်ပိုင်ခွင့်မှာ ကန့်သတ်မှုရှိနေပါသည်။ ယင်းသည် နိုင်ငံရေးနှင့် စစ်ဘက်ခေါင်းဆောင်များမှချိုးဖောက်မှုအတွက် တရားစွဲခံရခြင်းမှ လွတ်မြောက်နိုင်သည့် ကွာဟချက်ဖြစ်ပါသည်။ ခုံရုံးအသစ်သည် နိုင်ငံရေးနှင့်စစ်ဘက်ခေါင်းဆောင်များမှ တရားဥပဒေနှင့်မညီသောစစ်ပွဲဖြစ်ပေါ်စေရန်ဆုံးဖြတ်ချက်အတွက် တာဝန်ခံစေနိုင်သည့်ယန္တရားတစ်ခုကို ICC အတွက်ဖြည့်စွက်ပေးရန် ရည်ရွယ်ပါသည်။ ခုံရုံးသည် ယူကရိန်းအပေါ် ကျူးကျော်တိုက်ခိုက်မှုကို မှတ်တမ်းတင်နိုင်ရန် အထောက်အပံ့ပေးမည်ဖြစ်သည်။

ခုံရုံး၏စိန်ခေါ်မှုမှာ တစ်ဦးတစ်ယောက်ချင်း၏ ရာဇဝတ်ဆိုင်ရာ ကျူးကျော်မှုအတွက် ဖမ်းဆီးချုပ်နှောင်မှုပြုရန် အခက်အခဲရှိခြင်းပင်ဖြစ်ပါသည်။ စစ်ရာဇဝတ်မှုများအတွက် ၂၀၂၃ ခုနှစ်တွင် ဖမ်းဝရမ်းထုတ်ခံထားရသော ရုရှားသမ္မတ ဗလာဒီမာပူတင်ကိုဖမ်းဆီးရန် ကြိုးပမ်းမှုများမှာ မအောင်မြင်ခဲ့ပေ။ သို့သော်လည်း ICC နှင့် ဥရောပသမဂ္ဂကောင်စီတို့သည် တရားဥပဒေစိုးမိုးရေးနှင့် နောင်တွင် ချိုးဖောက်မှုအတွက်တာဝန်ခံမှုရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ယူကရိန်းသမ္မတ Zelensky က “ပူတင်အပါအဝင် ရုရှားစစ်ရာဇဝတ်မှုကျူးလွန်သူများအား တရားမျှတစွာရင်ဆိုင်ရန်အတွက် နိုင်ငံရေးနှင့် ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုတွေ အားကောင်းရန် လိုအပ်ကြောင်း၊ ဤလမ်းကြောင်းသည် မှန်ကန်သည့်စွဲချက်များနှင့် မှန်ကန်သည့်ဆုံးဖြတ်ချက်တို့အတွက် ကျွန်တော်တို့လျှောက်လှမ်းရမည့် လမ်းကြောင်းဖြစ်ကြောင်း” ပြောကြားခဲ့ပါသည်။

ဥရောပသမဂ္ဂကောင်စီ၏အဖွဲ့ဝင်နိုင်ငံပေါင်း ၄၆ နိုင်ငံနှင့် အဖွဲ့ဝင်မဟုတ်သော နိုင်ငံများ၏ စွမ်းဆောင်ရည်ဖြင့် ကျူးကျော်မှုဆိုင်ရာရာဇဝတ်မှုများ ဆက်လက်မဖြစ်ပွားစေရန်အတွက် တောင်းဆိုမှုများနှင့်အတူ အလားအလာရှိသော နိုင်ငံရေးဖိအားအဖြစ် ဖော်ဆောင်ရန်ဖြစ်ပါကြောင်း ဖော်ပြခဲ့သည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Reference

- https://www.jurist.org/news/2025/06/council-of-europe-and-ukraine-agree-to-establish-special-tribunal-for-the-crime-of-aggression/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၈) ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

